global witness

ဇွန်လ ၂၀၁၄

# မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓါတ်ငွေ့ လုပ်ကွက်များ နောက်ဆုံးရောင်းချမှုတွင် အမှန်တကယ် အကျိုးအမြတ် ရသူတွေဟာ ဘယ်သူတွေလဲ။

## မြန်မာနိုင်ငံရှိ ဖုံးကွယ်ထားသော ကုမ္ပဏီ ပိုင်ရှင်များကို ကိုင်တွယ်ခြင်း

### အနှစ်ချုပ်

အောက်တိုဘာလ ၂၀၁၃ ခုနှစ်နှင့် မတ်လ ၂၀၁၄ ခုနှစ်တို့တွင် မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်း ကုမ္ပဏီ ပေါင်း ၄၇ ခုထံ အမိက ရေနံနှင့်သဘာဝဓါတ်ငွေ့ လုပ်ကွက်ပေါင်း ၃၆ ခုအတွက် လုပ်ပိုင်ခွင့်ချထားပေးခဲ့သည်။ Global Witness သည် - ဒီကုမ္ပဏီကို ဘယ်သူပိုင်ပြီး ထိန်းချုပ်သလဲ - ဆိုသည်ကို ရိုးရှင်းစွာ မေးရန်အတွက် အဆိုပါ လုပ်ပိုင်ခွင့်ရရှိသည့် ကုမ္ပဏီတစ်ခုချင်းစီကို ဆက်သွယ်ခဲ့သည်။ အဆိုပါ မေးခွန်းအတွက် အဖြေ ပြည့်ပြည့်စုံစုံ ရရှိရေးသည် မြန်မာနိုင်ငံသားများကို ကာလကြာရှည်စွာ ဆင်းရဲမွဲတေစေခဲ့သည့် အကျင့်ပျက် ခြစားမှုကို အဆုံးသတ်ရန် အလွန် အရေးကြီးသည်။ လျှို့ဝှက်သော ကုမ္ပဏီဖွဲ့စည်းတည်ဆောက်ပုံများသည် အင်အားကြီးသော ပုဂ္ဂိုလ်များအတွက် ၎င်းတို့ မည်သူမည်ဝါဖြစ်သည်ဆိုသည်ကို ဖုံးကွယ်ထားခွင့် ရရှိစေသည်။ ကမ္ဘာတစ်ဝန်းလုံးတွင်လည်း အကျင့်ပျက်ခြစားသည့် အရာရှိများသည် အမိက သဘောတူညီချက်စာချုပ်များကို ချပေးကာ နောက်ပိုင်းတွင် ၎င်းတို့ ပိုင်ဆိုင်သည့် ကုမ္ပဏီများဖြစ်နေကြောင်း တွေ့ရသည့် မရေတွက်နိုင်သော ဥပမာများ ရှိနေသည်။ ကုမ္ပဏီပိုင်ရှင်၏ အသေးစိတ်အချက်အလက်များကို အများပြည်သူသိရှိစေရန် ထုတ်ပြန်ခြင်းသည် အကျင့်ပျက်ခြစားမှု အန္တရာယ်မှ ကာကွယ်ပေးနိုင်မည့် အရေးကြီးသည့် အချက်ဖြစ်သည်။

Global Witness ၏ မေးခွန်းများကို ဖြေကြားရန် ဆက်သွယ်ခဲ့သည့် ကုမ္ပဏီပေါင်း ၄၇ ခုအနက် ကုမ္ပဏီ ၁၃ ခုသာလျှင် ပြန်လည်ဖြေကြားခဲ့သည်။[1] ပုဂ္ဂလိကပိုင် ကုမ္ပဏီ ၂ ခုသည် ၎င်းတို့ကို ပိုင်ဆိုင်ပြီး ထိန်းချုပ်သူများ၏ အသေးစိတ် အချက်အလက်များကို ထုတ်ဖော်ပြောကြားခဲ့ပြီး ကောင်းမွန်သည့် အစဉ်အလာတစ်ခုကို ပြသနိုင်ခဲ့သည်။ သို့သော် ခြုံငုံကြည့်လျှင် မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓါတ်ငွေ့ ကြွယ်ဝမှုများဖြင့် ပြည်သူလူထုအား အကျိုးပြုအောင် ဆောင်ရွက်မည် ဆိုလျှင် အဆိုပါရလဒ်များသည် ကိုင်တွယ်ဖြေရှင်းရမည့် ကော်ပိုရိတ်ဆိုင်ရာ လျှို့ဝှက်ထားမှုများဖြစ်ကြောင်း စိုးရိမ်ဖွယ်ရာ အခြေအနေကို ဖော်ပြနေသည်။

---

[1] BG Group plc မှ ရေနံနှင့် သဘာဝလုပ်ကွက်များ ဖြစ်သော A-4၊ A-7၊ AD-2 နှင့် AD-5 ရှိ ၎င်း၏ အကျိုးစီးပွားများနှင့် ပတ်သက်ပြီး Global Witness ၏ မေးမြန်းချက်ကို တစ်ခုသာ ပြန်လည်ဖြေကြားခဲ့သည်။ ၂၀၁၄ ခုနှစ် မတ်လ ၂၆ ရက်စွဲဖြင့် စွမ်းအင်ဝန်ကြီးဌာနမှ ကြေညာသည့် ကမ်းလွန်ဒေသ လုပ်ပိုင်ခွင့်ချထားပေးမှုများတွင် အဆိုပါ အကျိုးစီးပွားများကို ကုမ္ပဏီနှစ်ခုအမည်များ (BG Asia Pacific Pte Limited နှင့် BG Exploration and Production Myanmar Limited)ဖြင့် ခွဲ၍ မှတ်တမ်းတင်ထားသည်။ စွမ်းအင်ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် လိုင်စင်ရရှိထားသူများ စာရင်းနှင့် ကိုက်ညီစေရန် BG အကျိုးစီးပွားများကို သီးခြား လုပ်ငန်းနှစ်ခုအဖြစ် ကျွန်တော်တို့ ရေတွက်သတ်မှတ်ထားသည်။ သို့သော် BG ၏ တုန့်ပြန်ချက်ကို ကုမ္ပဏီနှစ်ခုမှ တုန့်ပြန်မှုအစား ကုမ္ပဏီတစ်ခုထံမှ တုန့်ပြန်မှုအဖြစ်သာ ကျွန်တော်တို့ မှတ်တမ်းသွင်းထားသည်။

## အစီရင်ခံစာ ထုတ်ပြန်ပြီးနောက်ပိုင်း အခြေအနေ

ဤ အသေးစိတ်ရှင်းလင်းချက်များကို ၂၆ ရက်၊ ဖွန်လ၊ ၂၀၁၄ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပြီးနောက်ပိုင်း ပုဂ္ဂလိက ကုမ္ပဏီနှစ်ခု အပါအဝင် နောက်ထပ် ကုမ္ပဏီပေါင်း ငါးခုသည် ၎င်းတို့၏ ပိုင်ရှင်နှင့် ပတ်သက်သော အသေးစိတ်အချက်အလက်များကို Global Witness ထံ ပေးပို့ခဲ့သည်။[2] ထိုသို့လုပ်ဆောင်ခြင်းသည် ကြိုဆိုရမယ့် တိုးတက်မှုတစ်ခု ဖြစ်သည့်အပြင် ယင်းမှာ ကုမ္ပဏီများအနေဖြင့် ၎င်းတို့ကို မည်သူက ပိုင်ဆိုင်သည်၊ မည်သူက ထိန်းချုပ်သည် ဆိုသည်ကို ဖော်ထုတ်ရန် မည်မျှ လွယ်ကူကြောင်း ဖော်ပြနေပေသည်။ သို့သော် Global Witness မှ ဆက်သွယ်ခဲ့သည့် ကုမ္ပဏီ အများစုအနေဖြင့် မေးမြန်းချက်များကို ပြန်လည် ဖြေကြားရန် နှင့် မြန်မာနိုင်ငံ၏ သဘာဝအရင်းအမြစ် ထုတ်ယူသုံးစွဲသည့် လုပ်ငန်းများတွင် ဖြစ်ပေါ်နေသော လျို့ဝှက်ချက်များကို ဖော်ထုတ်ရန် တို့မှာ အလှမ်းကွာဝေး နေသေးသည်။

## အကြံပြုထောက်ခံချက်များ

- မြန်မာနိုင်ငံရှိ ရေနံနှင့်သဘာဝဓါတ်ငွေ့ကုမ္ပဏီများအားလုံးသည် ၎င်းတို့၏ နောက်ဆုံး အကျိုးအမြတ်ခံစားသည့် ပိုင်ရှင်များကို ထုတ်ဖော်ပြောကြားသင့်သည်။
- မြန်မာနိုင်ငံမှ အဆိုပြုထားသည့် သယံဇာတ ရင်းမြစ်ထုတ်ယူမှု ပွင့်လင်းမြင်သာမှုရှိရေး အစီအစဉ်အား အကောင်အထည်ဖော်ခြင်း ကဲ့သို့သော ပွင့်လင်းမြင်သာမှုရှိစေရေး ဆောင်ရွက်သည့် ပြုပြင်ပြောင်းလဲမှုများတွင် ကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ အကျိုးအမြတ်ခံစားသည့် ပိုင်ရှင်များကို ထုတ်ပြန်ရန်အတွက် ပြဋ္ဌာန်းချက်များကို ထည့်သွင်းသင့်သည်။
- မြန်မာအစိုးရနှင့် လွှတ်တော်အနေဖြင့်လည်း ကုမ္ပဏီများက ၎င်းတို့၏ အကျိုးအမြတ်ခံစားသူ ပိုင်ရှင်များကို လူသိရှင်ကြား ထုတ်ပြန်ရန် လိုအပ်သည့် ဥပဒေများကိုလည်း စတင်ပြဋ္ဌာန်းသင့်သည်။

## အမည်မသိ ကုမ္ပဏီများ - အကျင့်ပျက်ခြစားမှုကို ကာကွယ်ပေးသည့် ဒိုင်းလား။

စစ်တပ်မှ အုပ်ချုပ်ခဲ့သည့် နှစ်ပေါင်း ငါးဆယ်အတွင်း လျို့ဝှက်ပြီး သောင်းကျန်းလှသော အကျင့်ပျက် ခြစားမှုများကြောင့် မြန်မာပြည်သူပြည်သားများအနေဖြင့် ၎င်းတို့တိုင်းပြည်၏ သဘာဝအရင်းအမြစ် ကြွယ်ဝချမ်းသာမှုများကို ခံစားနိုင်ခြင်း မရှိခဲ့ပါ။ ယခင် မြန်မာနိုင်ငံ၏ ရေနံ၊ သဘာဝဓါတ်ငွေ့၊ တွင်းထွက်သတ္တုများနှင့် သစ်တောအရင်းအမြစ်များကို ထုတ်ယူသုံးစွဲခြင်းမှ ရရှိသည့် ငွေများ မည်သည့်နေရာသို့သွားသည်ကို ကျွန်ုပ်တို့မသိပါ။ သို့သော် အနည်းငယ်မျှသာ ပြည်သူလူထုထံ ရောက်ရှိခဲ့သည်။ နိုင်ငံလူဦးရေ၏ ၈၅ ရာခိုင်နှုန်းခန့်သည် တစ်နေ့လျှင် ဝင်ငွေ အမေရိကန်ဒေါ်လာ ၂.၂၅ ဖြင့် ရပ်တည်နေရပြီး လေးပုံတစ်ပုံခန့်မှာ အလွန်ဆင်းရဲနွမ်းပါးလျက် ရှိသည်။[3]

၂၀၁၁ ခုနှစ်မှ စတင်ကာ အာဏာရလာသည့် သမ္မတ ဦးသိန်းစိန်အနေဖြင့် မြန်မာနိုင်ငံရှိ သဘာဝအရင်းအမြစ်များအား စီမံခန့်ခွဲသည့် နည်းလမ်းများကို ပြောင်းလဲပစ်ရန် ကတိပေးခဲ့ပြီးဖြစ်သည်။ ရေနံ၊ သဘာဝဓါတ်ငွေ့နှင့် သတ္တုတွင်း တူးဖော်ရေးကဏ္ဍများအတွက် အဓိကအရေးကြီးသည့် ပြုပြင်ပြောင်းလဲမှုမှာ တစ်ကမ္ဘာလုံးဆိုင်ရာ ပွင့်လင်းမြင်သာမှု အခြေခံ

[2] ဤအသေးစိတ်အချက်အလက်များကို ၂၆ ရက်၊ ဖွန်လ၊ ၂၀၁၄ ခုနှစ်တွင် ထုတ်ပြန်ပြီးနောက်ပိုင်း ကုမ္ပဏီများမှ Global Witness ထံ ပေးပို့ခဲ့သော ထပ်ဆောင်း အသေးစိတ်အချက်အလက်များကို www.globalwitness.org/myanmaroilandgas/ တွင် ရရှိနိုင်ပါသည်။ ၁၅ ရက်၊ ဇူလိုင်လ၊ ၂၀၁၄ ခုနှစ်အထိ Global Witness မှ မေးမြန်းခဲ့သည့် ပိုင်ရှင်များနှင့် ပတ်သက်သော မေးမြန်းချက်များအပေါ် မြန်မာနိုင်ငံ၏ Parami Energy Development Co., Ltd, အီတလီနိုင်ငံ၏ Eni Myanmar B.V., ဗြိတိန်နိုင်ငံ၏ Siren E&P Ltd ၊ နော်ဝေးနိုင်ငံ၏ Statoil နှင့် ဩစတြေးလျနိုင်ငံ၏ Woodside Energy (Myanmar) Pte Ltd. တို့မှ နောက်ထပ် တုန့်ပြန် ဖြေကြားခဲ့သည်။ ထို့အပြင် Global Witness သည် Canadian Foresight Group Ltd. ၏ အကျိုးအမြတ် ခံစားသူ ပိုင်ရှင်များထံမှလည်း တိုက်ရိုက် တုန့်ပြန်ချက်များကို လက်ခံရရှိခဲ့သည်။

[3] UNICEF, 'သဘာဝအရင်းအမြစ်မှ လူသားအတွက် ရင်းနှီးငွေသို့ - မြန်မာနိုင်ငံ ကလေးများအတွက် လက်တွေ့ကျသော၊ ဖြစ်နိုင်သော၊ အနီးစပ်ဆုံး အရင်းအနှီးဖြစ်စေမည့် ဖြေရှင်းချက်များ'၊ ဩဂုတ်လ ၂၀၁၃၊ http://uni.cf/1838PA4.

စံနှုန်းကို သတ်မှတ်ပေးထားသော သယံဇာတ ရင်းမြစ် ထုတ်ယူမှု ပွင့်လင်းမြင်သာမှုရှိရေး အဖွဲ့ (EITI) တွင် အဖွဲ့ဝင်ဖြစ်စေရေးအတွက် မြန်မာနိုင်ငံက အဆိုပြု လျှောက်ထားခြင်း ပင်ဖြစ်သည်။ ထိုသို့သော ပြုပြင်ပြောင်းလဲမှုများဖြင့် မြန်မာပြည်သူလူထုအတွက် ထူးခြားမှုများ ဖြစ်ပေါ်စေမည်ဆိုလျှင် အုပ်ချုပ်မှု အထက်ပိုင်းတွင် အကျင့်ပျက် ခြစားနေမှုများအား အဓိက ကိုင်တွယ်ရမည်ဖြစ်သည်။

ပြည်သူလူထုအနေဖြင့် ၎င်းတို့နိုင်ငံအတွင်းရှိ သဘာဝအရင်းအမြစ် ပိုင်ဆိုင်မှုများကို လုပ်ပိုင်ခွင့်ရရှိသည့် ကုမ္ပဏီများ၏ နောက်ကွယ်တွင် ရှိနေသူများကို သိရှိရန် လိုအပ်သည်။ ရှုပ်ထွေးလှသော ကုမ္ပဏီဖွဲ့စည်းတည်ဆောက်ပုံများသည် အကျင့်ပျက်ခြစားသူများအပေါ် ၎င်းတို့မည်သူမည်ဝါဖြစ်သည်ဆိုသည်ကို ဖုံးကွယ်ရန် ခွင့်ပြုထားနိုင်သည်။ ဥပမာ - အစိုးရ အရာရှိတစ်ယောက်သည် သူအမှန်တကယ်ပိုင်ဆိုင်သည့် ကုမ္ပဏီအား အရေးပါသော ကန်ထရိုက်တစ်ခုကို လျှော့ဈေးဖြင့် ချထားပေးခြင်းပင် ဖြစ်သည်။ ပြည်သူလူထုပိုင်ဆိုင်သည့် သဘာဝအရင်းအမြစ်များမှ ဝင်ငွေများရှိသော်လည်း ထိုသို့သော အကျင့်ပျက် ခြစားမှုများကြောင့် ပြည်သူလူထုသည် ဆင်းရဲနေရသည့်အပြင် ၎င်းငွေကြေးသည် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို လျစ်လျူရှုထားသည့် အာဏာရှင်စနစ်ကို ကျင့်သုံးသော အစိုးရအား အထောက်အပံ့ပေးသည့်နေရာသို့ ရောက်ရှိသွားနိုင်သည်။

**အကျိုးအမြတ်ခံစားသူ ပိုင်ရှင်များနှင့်ပတ်သတ်သော အချက်အလက်များ မရရှိနိုင်သည့်အတွက် စိုးရိမ်စရာ အကျင့်ပျက်ခြစားမှုမှုများ ဖြစ်ပေါ်ခဲ့သည့် ဥပမာများ**

နိုင်ဂျီးရီးယားတွင် ရေနံဝန်ကြီး ဒန်အက်တီးသည် ၁၉၉၉ ခုနှစ်တွင် ကြီးမားသည့် ရေနံလုပ်ကွက်တစ်ခုကို ၎င်း ပုန်းလျှိုးကွယ်လျှိုး ပိုင်ဆိုင်သည့် နိုင်ဂျီးရီးယား ကုမ္ပဏီတစ်ခုဖြစ်သော Malabu Oil and Gas ထံ လုပ်ပိုင်ခွင့်ချပေးခဲ့သည်။ Malabu သည် အဆိုပါ လုပ်ကွက်ကို ချပေးမခံရခင် ရက်အနည်းငယ်အတွင်းတွင် ဖွဲ့စည်းထားသည့် ကုမ္ပဏီဖြစ်ပြီး မည်သည့် အဖိုးတန်ပစ္စည်း သို့မဟုတ် မည်သည့် ဝန်ထမ်းမျှ မရှိခဲ့ပေ။ အမှုတစ်ခုတွင် ဗြိတိန်နိုင်ငံ ဗဟိုတရားရုံးရှိ တရားသူကြီး မစ္စစ် ဂျပ်စတစ်စ် ဂလော့စတာက "ထည့်သွင်းပါဝင်မှုနှင့် ဆက်စပ်မှုအချက်များအရ ခေါင်းဆောင် အက်တီသည် Malabu တွင် များစွာသော အကျိုးအမြတ်ရရှိခဲ့ကြောင်း" ရှာဖွေ တွေ့ရှိခဲ့သည်။ [4]

ကွန်ဂို ဒီမိုကရက်တစ် သမ္မတနိုင်ငံတွင် ကြေးနီနှင့် ကိုဗော့သတ္တု အဓိက မိုင်းတွင်း ငါးခုအား စီးပွားရေးဈေးကွက်အရ ခန့်မှန်းတန်ဖိုး၏ အနည်းငယ်မျှသော ဈေးဖြင့် ကုမ္ပဏီပိုင်ရှင်အား ဖုံးကွယ်ထားသည့် ပြည်ပတွင် မှတ်ပုံတင်ထားသော ကုမ္ပဏီများထံ ရောင်းချခဲ့သည်။ ထိုသို့သော ရောင်းချမှုကြောင့် အမေရိကန်ဒေါ်လာ ၁.၃ ဘီလီယံခန့်ကို DRC မှ ဆုံးရှုံးခဲ့ပြီး ၎င်းတန်ဖိုးသည် နိုင်ငံအတွက် အသုံးပြုနေသည့် ကျန်းမာရေးနှင့် ပညာရေး ဘတ်ဂျက် စုစုပေါင်း ပမာဏ၏ နှစ်ဆခန့်ရှိသည်ဟု ကိုဖီ အာနန်ဦးဆောင်သည့် အာဖရိက တိုးတက်ရေးအဖွဲ့မှ မကြာသေးမီက ခန့်မှန်းခဲ့သည်။[5]

ကုမ္ပဏီကို ပိုင်ဆိုင်ပြီး ထိန်းချုပ်သည့်သူများသည် မည်သူမည်ဝါဖြစ်သည်ကို ထုတ်ဖော်ပြောဆိုရန် သတ်မှတ်ချက်သည် အကျင့်ပျက် ခြစားမှုပြုလုပ်ရန် ပိုမိုခက်ခဲစေနိုင်ပြီး နိုင်ငံသားများအနေဖြင့်လည်း ၎င်းတို့တိုင်းပြည်၏ ရေနံ၊ သဘာဝ ဓါတ်ငွေ့နှင့် အခြား သဘာဝအရင်းအမြစ်များကို မည်သူတို့က အသုံးပြုနေသည်ကို ကြည့်ရှုစစ်ဆေးနိုင်သည်။ တာဝန်သိသော ကုမ္ပဏီများအတွက်လည်း ၎င်းတို့နှင့်အကျိုးတူလုပ်ကိုင်ရန် အလားအလာရှိသည့်ကုမ္ပဏီများ၏ ပိုင်ဆိုင်သူနှင့်ပတ်သတ်သော အချက်အလက်များကို သိရှိခြင်းကြောင့် ၎င်းတို့သည် မည်သူနှင့်လုပ်ငန်းတွဲဖက်လုပ်ကိုင်လျက်ရှိသည်ကို စစ်ဆေးနိုင်သည်။ အစိုးရအတွက်လည်း ပြည်သူလူထု၏ ယုံကြည်မှုနှင့် တရားဝင်ဖြစ်စေမှုကို အရှိန်မြှင့် ဆောင်ရွက်ရာတွင် ပိုမိုပွင့်လင်းမှုသည် အရေးကြီးသည့် အပိုင်းမှ ပါဝင်နေသည်။

---

[4] 'အတည်ပြုထားသော ဆုံးဖြတ်ချက်၊ ၁၇ ဇူလိုင် ၂၀၁၃၊ Energy Venture Partners v Malabu Oil & Gas, Commercial court, Queen's Bench Division, ၂၀၁၁-13. ထိုကိစ္စနှင့်ပတ်သတ်ပြီး ဆွေးနွေးမှုအတွက် ဘောဂဗေဒ ပညာရှင်၊ 'နိုင်ဂျီးရီးယားရှိ ဘေးကင်းသော လိုင်'၊ ၁၅ ဖွန်လ ၂၀၁၃။ http://www.economist.com/news/business/21579469-court-documents-shed-light-manoeuvrings-shell-and-eni-win-huge-nigerian-oil-block.

[5] အာဖရိက တိုးတက်ရေး အစီရင်ခံစာ ၂၀၁၃ http://africaprogresspanel.org/en/publications/africa-progress-report-2013/.

## စစ်တမ်းကောက်ယူမှု ရလဒ်များ - ကုမ္ပဏီများက ၎င်းတို့ ပိုင်ရှင်များအကြောင်း ကျွန်ုပ်တို့ကို ဘာတွေ ပြောကြားခဲ့သလဲ။

မြန်မာနိုင်ငံသည် ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တွင် ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ကွက်ပေါင်း ၃၆ ခုကို လုပ်ပိုင်ခွင့် ချပေးခဲ့ပြီး ဖြစ်သည်။ ၎င်းတို့အနက် ၂၆ ခုတွင် လုပ်ကိုင်ရန် အပြည်ပြည်ဆိုင်ရာ လေလံဆွဲသူများအနေဖြင့် မြန်မာကုမ္ပဏီများနှင့်အတူ ပူးပေါင်းအကျိုးတူလုပ်ကိုင်ရန် လိုအပ်သည်။ Global Witness သည် အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီများနှင့် ၎င်းတို့၏ အကျိုးတူလုပ်ကိုင်သူများကို ၎င်းတို့နောက်ကွယ်တွင် ရှိနေသူတို့၏ အမည်များ - ၎င်းတို့၏ "နောက်ဆုံး အကျိုးအမြတ်ခံစားသည့် ပိုင်ရှင်များ" ကို ဖော်ပြရန် တောင်းဆိုခဲ့သည်။ လက်ခံရရှိခဲ့သော ကုမ္ပဏီများ၏ တုံ့ပြန်ဖြေကြားချက် အပြည့်အစုံကို Global Witness ဝက်ဘ်ဆိုက်တွင် ကြည့်ရှုနိုင်ပါသည်။[6]

လွန်ခဲ့သော ၁၂ လအတွင်း မြန်မာနိုင်ငံတွင် ရေနံနှင့် သဘာဝဓါတ်ငွေ့ လုပ်ကွက်များချထားပေးခြင်းခံရသည့် ကုမ္ပဏီပေါင်း ၄၇ ခုအနက် အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီ ၁၁ ခုနှင့် မြန်မာကုမ္ပဏီ နှစ်ခုသာလျှင် ၎င်းတို့ပိုင်ရှင်နှင့်ပတ်သတ်သော စစ်တမ်းကောက်ယူမှုကို ပြန်ကြားခဲ့သည်။ အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီများထဲမှ သုံးခုကမူ ၎င်းတို့၏ နောက်ဆုံး အကျိုးအမြတ်ခံစားသည့် ပိုင်ရှင်နှင့် ပတ်သတ်သော အနည်းငယ်မျှသော အချက်အလက်ကိုသာ ယခုအချိန်အထိ ပေးသေးသည်။

| |
|---|
| **"နောက်ဆုံး အကျိုးအမြတ်ခံစားသည့် ပိုင်ရှင်" ဆိုသည်မှာ အဘယ်နည်း။**<br><br>ကုမ္ပဏီတစ်ခု၏ နောက်ဆုံးအကျိုးအမြတ်ခံစားသည့် ပိုင်ရှင်များဆိုသည်မှာ ကုမ္ပဏီအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ နောက်ဆုံးပိုင်ဆိုင်သည့် ပုဂ္ဂိုလ်များ (သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦး) ဖြစ်သည်။ ဆိုလိုသည်မှာ ကုမ္ပဏီ၏ လုပ်ဆောင်ချက်များကို ထိန်းချုပ်သူများ နှင့်/သို့မဟုတ် ရရှိသော အမြတ်ကို နောက်ဆုံးလက်ခံရရှိသူကို ဆိုလိုသည်။ အရေးကြီးသည့် အချက် အနေဖြင့်ဆိုလျှင် အကျိုးအမြတ်ခံစားသည့် ပိုင်ရှင်သည် အစစ်အမှန်ဖြစ်ရမည်၊ အသက်ရှင်နေသူဖြစ်ရမည်၊ အခြားကုမ္ပဏီ တစ်ခု သို့မဟုတ် အုပ်ထိန်းသည့်အဖွဲ့တစ်ခု မဖြစ်စေရ။ မတူကွဲပြားသည့် ကုမ္ပဏီအမျိုးအစားများပါဝင်သည့်အပြင် အချို့ကိစ္စရပ်များတွင် ပိုင်ဆိုင်မှုအတွက် နှင့်/သို့မဟုတ် ထိန်းချုပ်မှုအတွက် ပိုင်ဆိုင်မှု သီးသန့် သဘောတူညီချက်များ ပါဝင်သော ရှုပ်ထွေးလှသည့် ပိုင်ဆိုင်မှု ဖွဲ့စည်းတည်ဆောက်ပုံများရှိသော ကုမ္ပဏီများတွင် အကျိုးအမြတ်ခံစားသည့် ပိုင်ရှင်များမှာ အုပ်ချုပ်မှုပိုင်းကွင်းဆက်၏ ထိပ်ဆုံးရှိ ပုဂ္ဂိုလ်များပင်ဖြစ်ပါသည်။[7] |

အပြည်ပြည်ဆိုင်ရာ လုပ်ကွက်ရရှိသူ အများစုသည် အပြည့်အဝ နိုင်ငံပိုင် ကုမ္ပဏီများ သို့မဟုတ် စတော့ အိတ်ချိန်းတွင် စာရင်းဝင်ဖြစ်သည့် ကုမ္ပဏီများဖြစ်သည်။ ထို့ကြောင့် ၎င်းတို့၏ ပိုင်ရှင်ကို အများပြည်သူမှ သိရှိနိုင်ကြသည်။ အဓိက အကျင့်ပျက် ခြစားမှုဖြစ်စေသည့် အန္တရာယ်မှာ တစ်စိတ်တစ်ပိုင်းအားဖြင့် ဖြစ်စေ၊ အပြည့်အဝဖြစ်စေ ပိုင်ဆိုင်သည့် ပုဂ္ဂလိကပိုင်ကုမ္ပဏီများနှင့် ဆက်စပ်နေပြီး အထူးသဖြင့် တကယ့် ပိုင်ရှင်များကို ဖုံးကွယ်ထားသော ရှုပ်ထွေးလှသည့် ပိုင်ရှင်ဖွဲ့စည်းတည်ဆောက်ပုံများရှိသည့် ကုမ္ပဏီများဖြစ်သည်။ ကုမ္ပဏီကွင်းဆက်များအရ ထိပ်ဆုံးတွင်ရှိသည့် စစ်မှန်ပြီး အသက်ရှင်လျက်ရှိနေသော ပုဂ္ဂိုလ်များ၏ အမည်များ နှင့် ထိပ်ပိုင်းနိုင်ငံရေးနှင့် ချိတ်ဆက်နေသည့် မည်သည့်ပိုင်ရှင်မဆိုင် ၎င်းတို့၏ အသေးစိတ်အချက်အလက်များကို ဖော်ပြပေးရန် ပုဂ္ဂလိက ကုမ္ပဏီများအား ကျွန်တော်တို့ တောင်းဆိုခဲ့သည်။

Global Witness သည် လက်ခံရရှိသည့် ဖြေကြားချက်များကို အတည်မပြုနိုင်သေးသော်လည်း ယင်းတို့သည် ယခုအခါ အများပြည်သူ ကြည့်ရှုနိုင်သည့်နေရာတွင် ရောက်ရှိနေပြီး စစ်ဆေးနိုင်ရန် ဖွင့်ပေးထားသည်။

---

[6] ၂၀၁၄ ခုနှစ် ဇွန်လ ၂၃ ရက်အထိ Global Witness မှ ကုမ္ပဏီများထံ မေးမြန်းခဲ့သည့် မေးခွန်းများနှင့် လက်ခံရရှိခဲ့သည့် တုန့်ပြန် ဖြေကြားချက် အပြည့်အစုံကို http://globalwitness.org/myanmaroilandgas/ တွင် ကြည့်ရှုနိုင်ပါသည်။

[7] အကျိုးအမြတ်ခံစားသည့် ပိုင်ရှင်အယူအဆအား ငွေကြေးခဝါချမှု တိုက်ဖျက်သည့် ဥပဒေ၏ အကြောင်းအရာထဲတွင် အသုံးပြုထားသည်။ ငွေမည်းမှ ငွေဖြူပြောင်းလဲခြင်းကို တိုက်ဖျက်သည့် တစ်ကမ္ဘာလုံးဆိုင်ရာ အခြေခံစံနှုန်းများကို သတ်မှတ်သော အစိုးရအချင်းချင်းဖွဲ့စည်းထားသည့်အဖွဲ့ Financial Action Task Force (FATF) မှ အကျိုးအမြတတ်ခံစားသည့် ပိုင်ရှင်ဆိုသည်မှာ "ဖောက်သည်အား ပိုင်ဆိုင်သည့် သို့မဟုတ် ထိန်းချုပ်သည့် သာမန် လူပုဂ္ဂိုလ် (များ) ဖြစ်သည်" ဟု သတ်မှတ်ပြီး နောက်ဆုံးပိုင်ဆိုင်သူ သို့မဟုတ် ထိန်းချုပ်သူဆိုသည်မှာ "ပိုင်ဆိုင်မှု/ထိန်းချုပ်မှုအား ပိုင်ရှင် ကွင်းဆက်များမှတဆင့် အသုံးချသည့်" အခြေအနေများ ဖြစ်သည်ဟု ဆိုသည်။
FATF (2012), 'ငွေကြေးခဝါချမှု တိုက်ဖျက်ခြင်းနှင့် ဘဏ္ဍာရေး အကြမ်းဖက်ခြင်းနှင့် အရှိန်မြင့်လာခြင်းတို့ကို တိုက်ဖျက်ခြင်းအတွက် အပြည်ပြည်ဆိုင်ရာ အခြေခံစံနှုန်းများ', p.110.

ပြန်လည် ဖြေကြားပေးခဲ့သည့် ကုမ္ပဏီ ၁၃ ခုအနက် ၈ ခုမှာ ၄င်းတို့အား အစိုးရ သို့မဟုတ် အများပိုင်ကုမ္ပဏီများမှ အပြည့်အဝပိုင်ဆိုင်ကြောင်း ဖော်ပြခဲ့သည်။ ပုဂ္ဂလိကပိုင် မြန်မာကုမ္ပဏီနှစ်ခုဖြစ်သော Machinery & Solutions နှင့် Myanmar Petroleum E&P Co. Ltd (MPEP) တို့သည် ၄င်းတို့၏ နောက်ဆုံးအကျိုးအမြတ်ခံစားသူ ပိုင်ရှင်များ၏ အသေးစိတ်အချက်အလက်များကို ထုတ်ဖော်ပြောကြားသည့် ပထမဆုံးသော ကုမ္ပဏီများ ဖြစ်လာခဲ့သည်။ အခြားသော ပုဂ္ဂလိကပိုင် ကုမ္ပဏီ သုံးခုမှာ ပြန်လည်ဖြေကြားခဲ့သော်လည်း အကျိုးအမြတ်ခံစားသည့် ပိုင်ရှင်အပြည့်အစုံကိုမူ ဖော်ထုတ်ခြင်း မရှိခဲ့ပေ။

MPEP ၏ ဒါရိုက်တာများနှင့် ရှယ်ယာရှင်တစ်ဦး ပါဝင်သော ဗြိတိသျှ အပျိုစင် ကျွန်းများတွင် မှတ်ပုံတင်ထားသည့် MPRL သည် ၄င်း၏အနီးစပ်ဆုံး ရှယ်ယာပိုင်ရှင်နှင့် ဒါရိုက်တာ အချက်အလက်ကို ပေးခဲ့ပြီး အများဆိုင် စတော့အိတ်ချိန်းတွင် စာရင်းထည့်ရန် စီစဉ်နေကြောင်းလည်း ပြောကြားခဲ့သည်။ သို့သော် ယခုအချိန်တွင် MPRL ၏ ၉၉ ရာခိုင်နှုန်းအား အခြားကုမ္ပဏီများ သို့မဟုတ် အုပ်ထိန်းသည့်အဖွဲ့များမှ ပိုင်ဆိုင်ပြီး အဆိုပါ ပိုင်ရှင်များကိုမူ ထုတ်ဖော်ခြင်း မရှိခဲ့ပေ။ ထို့ကြောင့် MPRL ၏ နောက်ဆုံးအကျိုးအမြတ်ခံစားသည့် ပိုင်ရှင်မှာ လျှို့ဝှက်နေဆဲဖြစ်သည်။

ဩစတြေးလျနိုင်ငံ Transcontinental Group က ၄င်းသည် ပုဂ္ဂလိက မိသားစုပိုင် ကုမ္ပဏီဖြစ်ကြောင်း ပြောကြားခဲ့သော်လည်း အကျိုးအမြတ်ခံစားသည့် ပိုင်ရှင်များကိုမူ ထုတ်ဖော် ပြောကြားခြင်း မရှိသေးပေ။ ၄င်း၏ အကျိုးတူလုပ်ကိုင်သော Canadian Foresight သည်လည်း အနည်းငယ်မျှသော ပိုင်ရှင်နှင့် သက်ဆိုင်သည့် အချက်အလက်များ ပံ့ပိုးပေးခဲ့သော်လည်း Global Witenss အား နောက်ထပ် အချက်အလက်များ ထုတ်ဖော်ပြောကြားရန်အတွက် ရှယ်ယာပိုင်ရှင်များအား ဆက်သွယ်ပြီး ဖြစ်သည်။ ၂၀၁၄ ခုနှစ် ဖွန်လ ၂၃ ရက်နေ့ထိဆိုလျှင် Canadian Foresight ၏ အကျိုးအမြတ်ခံစားသည့် ပိုင်ရှင်နှစ်ဦးမှ ၄င်းတို့၏ အသေးစိတ်အချက်အလက်များကို ပံ့ပိုးပေးခဲ့ပြီး ဖြစ်သည်။

Golbal Witness သည် လုပ်ကွက်ရရှိခဲ့သည့် ကျန်ရှိနေသော အခြားကုမ္ပဏီ ၃၄ ခုထံမှ ပိုင်ရှင်အချက်အလက်များကို မရရှိသေးပေ။ အချို့သော ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ကွက်များသည် အီတလီနိုင်ငံ၏ Eni နှင့် Anglo-Dutch Shell ကဲ့သို့သော အများပိုင် ကုမ္ပဏီများထံ လုပ်ပိုင်ခွင့် ချပေးထားပြီးဖြစ်သော်လည်း မြန်မာနိုင်ငံသားများအနေဖြင့် ထိုလုပ်ကွက်များကို ယင်းကုမ္ပဏီများ ကိုင်တွယ်ရန် ယင်းတို့အသုံးပြုနေသည့် လက်အောက်ခံကုမ္ပဏီများအား အပြည့်အဝ ပိုင်ဆိုင်ထားခြင်း သို့မဟုတ် တစ်စိတ်တစ်ပိုင်း ပိုင်ဆိုင်ထားခြင်း ဟုတ်မဟုတ် သိရန် လိုအပ်နေသေးသည်။ အချို့ကိစ္စရပ်များတွင် ကုမ္ပဏီများသည် တစ်စိတ်တစ်ပိုင်းအားဖြင့်သာ ပုဂ္ဂလိကပိုင် ဖြစ်နေတတ်ကြပြီး ၄င်းကိစ္စရပ်များအတွက် အကျိုးအမြတ် ခံစားသည့် ပိုင်ရှင် အချက်အလက် အပြည့်အစုံကို ဖော်ပြရမည် ဖြစ်သည်။

# မကြာသေးမီက လုပ်ကွက်များ ရရှိထားသူများ နှင့် Global Witness ၏ စစ်တမ်းအပေါ် ပြန်လည်ဖြေကြားများကို ပြသသော မြေပုံ



ထို့ထက် အရေးကြီးသည်မှာ လူဇင်ဘတ်၏ CAOG၊ နယ်သာလန်နိုင်ငံ၏ Berlanga Holding နှင့် ထိုင်းနိုင်ငံ၏ Palang Sophon တို့အပြင် Young Investment ၊ UNOG နှင့် Oil Star Management Services ကဲ့သို့သော ဒေသခံ ကုမ္ပဏီများသည် ၎င်းတို့၏ ပိုင်ရှင်နှင့်ပတ်သတ်သည့် အချက်အလက်များကို ထုတ်ဖော်ခြင်းမရှိသည့် အပြည့်အဝ ပုဂ္ဂလိကပိုင် အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီများနှင့် မြန်မာကုမ္ပဏီများ မြောက်မြားစွာ ရှိနေသေးသည်။

ကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ အကျိုးအမြတ်ခံစားသည့်ပိုင်ရှင်များ မည်သူမည်ဝါဖြစ်သူကို ဖော်ပြရုံဖြင့် မလုံလောက်သေးပေ။ ၎င်းကုမ္ပဏီများသည် မည်သူနှင့် အကျိုးတူလုပ်ကိုင်နေသည်ကို မြန်မာနိုင်ငံသားများ သိရှိရန်လည်း လိုအပ်သေးသည်။ လုပ်ကွက် တစ်ခုသာလျှင် တစ်ဦးတည်းပိုင်ဆိုင်သည့် ကုမ္ပဏီမှ လုပ်ပိုင်ခွင့် ရရှိထားပြီး ကျန်လုပ်ကွက်များမှာ အနည်းဆုံး ကုမ္ပဏီနှစ်ခု အကျိုးတူလုပ်ကိုင်သည့် ကုမ္ပဏီမှ ရရှိထားသည်။ ထို့ကြောင့် ကုမ္ပဏီတစ်ခု အနေဖြင့် ၎င်း၏ ပိုင်ရှင်များကို ကြေညာသော်လည်း ၎င်းနှင့် အကျိုးတူလုပ်ကိုင်သည့်ကုမ္ပဏီများအနေဖြင့် ၎င်းတို့ ပိုင်ရှင်ကို ဖုံးကွယ်ထားနိုင်သည့် အန္တရာယ်ရှိသည်။ ထို့ကြောင့် ၎င်းသည် အကျင့်ပျက် ခြစားမှု ဖြစ်နိုင်သည့် လမ်းကြောင်းပင် ဖြစ်သည်။

Machinery & Solutions နှင့် ၎င်း၏ အပြည်ပြည်ဆိုင်ရာ လုပ်ငန်းအကျိုးတူ ပူးပေါင်းဆောင်ရွက်သူဖြစ်သည့် အိန္ဒိယနိုင်ငံ၏ ONGC တို့သည် ကုမ္ပဏီနှစ်ခုစလုံးမှ ပိုင်ရှင် အချက်အလက်များကို အပြည့်အဝ ဖြေကြားပေးခဲ့သည့် ဥပမာကောင်းများ ဖြစ်သည်။ သို့သော် အခြားလုပ်ကွက်များရှိ အကျိုးတူပူးပေါင်း ဆောင်ရွက်နေသည့် ကုမ္ပဏီများမှာမူ အနည်းဆုံး ကုမ္ပဏီတစ်ခုမှ ၎င်းတို့၏ နောက်ဆုံး အကျိုးအမြတ်ခံစားသည့် ပိုင်ရှင်ကို ထုတ်ဖော်ပြောကြားရန် ပျက်ကွက်ခဲ့သည်။ ထိုသို့ လျှို့ဝှက်ထားမှုကြောင့် မြန်မာနိုင်ငံသားများအနေဖြင့် ၎င်းတို့၏ အဖိုးတန် ရေနံနှင့် သဘာဝဓါတ်ငွေ့ ပိုင်ဆိုင်မှုများ မည်သည့် နေရာသို့ ရောက်ရှိသွားသည်ဆိုသည့် အချက်အလက်များကို မသိရှိနိုင်တော့ပေ။

စာမျက်နှာ ၅ ရှိ မြေပုံတွင် ၂၀၁၃ နှင့် ၂၀၁၄ ခုနှစ်အတွင်း ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ကွက်များ လုပ်ပိုင်ခွင့်ရရှိခဲ့သည့် ကုမ္ပဏီများကို ဖော်ပြထားပြီး အရောင်ခြယ်ထားသည့် အရာများမှာ Global Witness ၏ အချက်အလက်တောင်းဆိုမှုကို တစ်စိတ်တပိုင်းဖြစ်စေ၊ အပြည့်အဝဖြစ်စေ ပြန်လည်ဖြေကြားခဲ့သည့် ကုမ္ပဏီများကို ညွှန်ပြထားသည်။ လုပ်ကွက်အား တစ်ဝက်မျှသာ အရောင်ခြယ်ထားသည့်နေရာတွင် အနည်းဆုံး အကျိုးတူလုပ်ကိုင်သူ တစ်ယောက်က စစ်တမ်းကောက်ယူမှုကို ပြန်လည်ဖြေကြားခြင်း မရှိကြောင်း ပြသသည်။

ရှင်းလင်းဖော်ပြချက် အဆုံးတွင် ကုမ္ပဏီများ၏ ဖြေကြားချက် ဇယားကို ဖော်ပြထားပြီး စစ်တမ်းကောက်ယူမှု မေးခွန်းများ၊ ဖြေကြားချက်များ နှင့် ရုပ်ပုံအချက်အလက်များနှင့်ပတ်သတ်သော အချက်အလက်များကို http://globalwitness.org/myanmaroilandgas/တွင် ရရှိနိုင်ပါသည်။

## အကျင့်ပျက်ခြစားမှုကို ကိုင်တွယ်ဖြေရှင်းရန် အစိုးရ၏ လုပ်ဆောင်မှုများကို ကုမ္ပဏီများ အနေဖြင့် ထောက်ခံကူညီမည်လား။

မြန်မာနိုင်ငံ၏ သမ္မတဦးသိန်းစိန် အနေဖြင့် ပြုပြင်ပြောင်းလဲရေးများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်မည်ဖြစ်ကြောင်း ကတိပေးခဲ့ပြီး မြန်မာနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနမှလည်း ဈေးပြိုင်ပေးပြီး လေလံဆွဲရသည့် ကုမ္ပဏီများအတွက် အမည်များနှင့် အသေးစိတ် အဆက်အသွယ်အချက်အလက်များ၊ အခြေခံ စာချုပ်ပါအချက်များကို ထုတ်ဝေခြင်းဖြင့် ရေနံနှင့် သဘာဝဓါတ်ငွေ့ကဏ္ဍအား သန့်ရှင်းသည့်ကဏ္ဍ ဖြစ်လာစေရေးအတွက် အရေးကြီးသည့် အဆင့်များကို လုပ်ဆောင်ခဲ့ပါသည်။ တစ်ကမ္ဘာလုံး ဆိုင်ရာ အကျင့်ပျက် ခြစားမှု တိုက်ဖျက်ရေး စီမံကိန်းကို ဆောင်ရွက်နေသော သယံဇာတ ရင်းမြစ် ထုတ်ယူမှု ပွင့်လင်းမြင်သာမှု ရှိရေး အဖွဲ့ (EITI) တွင် ကိုယ်စားလှယ်အဖြစ် ဝင်ရောက်နိုင်ရေးအတွက် လျှောက်ထားရန် အစိုးရသည် အရပ်ဖက်လူ့အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍများနှင့်အတူ လက်တွဲ ဆောင်ရွက်လျှက်ရှိပြီး ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ခွင့် ရရှိမည် မရှိမည်ကို ၂၀၁၄ ခုနှစ် ဇူလိုင်လ ၁ ရက်နှင့် ၂ ရက်တွင် အစည်းအဝေး၌ စဉ်းစားမည်ဖြစ်သည်။ ထိုသို့ပါဝင်နိုင်ရန် ရေနံ၊ သဘာဝဓါတ်ငွေ့နှင့် သတ္တုတွင်း တူးဖော်ရေး စီမံကိန်းများနှင့်ဆိုင်သည့် ငွေပေးချေမှုများကို ထုတ်ပြန်ရန် လိုအပ်ပြီး ကုမ္ပဏီပိုင်ရှင်နှင့် စာချုပ်ပါအချက်များကို ဖော်ထုတ်ပြောကြားရန်လည်း တိုက်တွန်းပါသည်။

အစိုးရမှ ဆောင်ရွက်နေသည့် ပွင့်လင်းမြင်သာမှုရှိစေရေး ပြုပြင်ပြောင်းလဲမှုများကို အောင်မြင်စေလိုလျှင် ကုမ္ပဏီများအနေဖြင့် ၎င်းတို့ကျရာ အခန်းကဏ္ဍကနေ တာဝန်ယူဆောင်ရွက်ရန် လိုအပ်သည်။ ယင်းမှာ မြန်မာနိုင်ငံတွင် လုပ်ကိုင်နေသည့် ရေနံနှင့်သဘာဝဓါတ်ငွေ့ ကုမ္ပဏီများအနေဖြင့် ၎င်းတို့အား ပိုင်ဆိုင်သည့်သူ၊ ထိန်းချုပ်သည့်သူများကို ဖော်ထုတ်ခြင်းနှင့် ၎င်းတို့တွင် ဖုံးကွယ်စရာ မည်သည့်အရာမျှမရှိကြောင်းနှင့် တာဝန်သိသိ ဆောင်ရွက်လိုကြောင်း ပြသနိုင်မှုတို့အပေါ်တွင် မူတည်နေသည်။

ကုမ္ပဏီများအနေဖြင့် ပိုင်ရှင်များကို ထုတ်ဖော်ပြောဆိုလာစေဖို့ တွန်းအားပေးလှုံ့ဆော်ရန်အလို့ငှာ EITI နှင့် ပိုမိုကျယ်ပြန့်သော ဥပဒေပိုင်းနှင့် စည်းမျဉ်းပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို အသုံးပြုနိုင်သည်။ မြန်မာနိုင်ငံ၏ EITI လုပ်ငန်းစဉ်အတွက် စည်းမျဉ်းများကို သတ်မှတ်သည့် အစိုးရ၊ ကုမ္ပဏီနှင့် အရပ်ဖက်လူ့အဖွဲ့အစည်း ကိုယ်စားလှယ်များသည် ကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ နောက်ကွယ်ရှိ ပိုင်ရှင်များကို ထုတ်ဖော်ပြောကြားရန် လိုအပ်သည့် ယင်းအစီအမံများကို အသုံးပြုနိုင်သည်။ ကမ္ဘာ့ဘဏ်၊ အမေရိကန် နိုင်ငံ၊ ဗြိတိန်နှင့် ဩစတြေးလျအပါအဝင် EITI လုပ်ငန်းစဉ်အား ထောက်ပံ့ပေးနေသည့် အပြည်ပြည်ဆိုင်ရာ အလှူရှင်များအနေဖြင့် ဤအရေးကြီးသော အကျင့်ပျက် ခြစားမှုတိုက်ဖျက်ရေးအတွက် ပံ့ပိုးကူညီမှုများကို ဦးစားပေးဆောင်ရွက်သင့်သည်။

ပိုမိုကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်မည်ဆိုလျှင် မြန်မာအစိုးရနှင့် ပါလီမန်လွှတ်တော်တို့သည် သဘာဝအရင်းအမြစ်ကဏ္ဍအတွက် ဥပဒေမူဘောင်များကို ပြန်လည်သုံးသပ်နေသည်နှင့်တပြိုင်နက် ကုမ္ပဏီ၏ အကျိုးအမြတ်ခံစားသူပိုင်ရှင်များကို ဖော်ထုတ်ခြင်းသည် ဥပဒေအရ လိုအပ်ချက်တစ်ခုအဖြစ် သတ်မှတ်ရန် ၎င်းတို့တွင် အခွင့်အရေး ရှိနေပါသည်။

အဆိုပါ လုပ်ဆောင်ချက်အဆင့်ဆင့်ကို ယခုစတင်ဆောင်ရွက်ခြင်းဖြင့် မြန်မာပြည်သူလူထုအား အကျိုးအမြတ်ဖြစ်စေမည့် ရေနံ၊ သဘာဝဓါတ်ငွေ့နှင့် သတ္တုတူးဖော်ရေး ကဏ္ဍအတွက် မှန်ကန်သည့် အုတ်မြစ်ကို ချမှတ်ရန် အထောက်အကူ ဖြစ်ပေလိမ့်မည်။

## ရေနံ၊ သဘာဝဓါတ်ငွေ့နှင့် သတ္တုတူးဖော်ရေးကဏ္ဍရှိ အကျင့်ပျက် ခြစားမှုကို ကိုင်တွယ်ရာတွင် မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းကို ဦးဆောင်နိုင်ပါသလား။

ကုမ္ပဏီများအား အမှန်တကယ် ပိုင်ဆိုင်သူများနှင့် ထိန်းချုပ်သူများ၏ အမည်များကို ထုတ်ဖော်ရန် တစ်ကမ္ဘာလုံးမှ တွန်းအားပေးနေမှုသည် အရှိန်အဟုန်ဖြင့် ဖြစ်ပေါ်နေသည်။ ၂၀၁၃ ခုနှစ်တွင် ဗြိတိန် အစိုးရအနေဖြင့် ဗြိတိန်တွင် မှတ်ပုံတင်စာရင်းသွင်းထားသည့် ကုမ္ပဏီများ၏ ပိုင်ရှင်များကို အများပြည်သူ သိရှိစေဖို့ ဆောင်ရွက်ရန် ကတိပေးထားပြီး EU ပါလီမန်လွှတ်တော် အနေဖြင့်လည်း အလားတူ ဆောင်ရွက်မည်ဟု မကြာခင်က မဲပေးဆုံးဖြတ်ခဲ့သည်။

လိုက်ဘေးရီးယား၊ ဟွန်ဒူးရပ်စ်၊ တဂျစ်ကစ္စတန်နှင့် အီရတ်တို့အပါအဝင် EITI မှ တဆင့် နိုင်ငံပေါင်း မြောက်မြားစွာသည် ရေနံ၊ သဘာဝဓါတ်ငွေ့နှင့် သတ္တုတွင်း တူးဖော်ရေး လုပ်ငန်းများတွင် ကုမ္ပဏီပိုင်ဆိုင်သူကို ဖော်ထုတ်ရေး စီမံချက်ကို စမ်းသပ်လုပ်ဆောင်လျှက်ရှိကြသည်။ ဗြိတိန် အစိုးရအနေဖြင့် ထိုသို့သော EITI စီမံချက်တွင် ပါဝင်ရန် လျှောက်လွှာ ပြင်ဆင်လျက်သာ ရှိသေးသော်လည်း ၎င်းအနေဖြင့် EITI လုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် အကျိုးအမြတ် ခံစားသည့် ပိုင်ရှင် အချက်အလက်များကို ထုတ်ဖော်ရန် ကတိပေးပြီး ဖြစ်သည်။

မြန်မာနိုင်ငံ အစိုးရအနေဖြင့်လည်း ထိုသို့သော အရေးကြီးသည့် ကိစ္စရပ်တွင် အရှေ့တောင်အာရှနိုင်ငံများအတွင်း စတင်စမ်းသပ် ဆောင်ရွက်ရန် နှင့် ၎င်းကတိပေးထားသည့် ပြုပြင်ပြောင်းလဲမှုများနှင့် အမှန်တကယ် ပွင့်လင်းမှုများ ရှိစေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆန္ဒရှိကြောင်း ပြသဖို့ ကြီးမားသည့်အခွင့်အရေး တစ်ရပ် ရှိနေပါသည်။

# Global Witness ၏ ကုမ္ပဏီအကျိုးအမြတ်ပိုင်ဆိုင်သူဆိုင်ရာ စစ်တမ်းကောက်မှုအပေါ် ကုမ္ပဏီများထံမှ တုံ့ပြန်ဖြေကြားချက်များ

## စစ်တမ်းကောက်ယူမှု နည်းလမ်း

အောက်တိုဘာလ ၂၀၁၃ ခုနှစ်တွင် ကုန်းတွင်းလုပ်ကွက်များ ချပေးခြင်းခံရသည့် ကုမ္ပဏီများ သို့မဟုတ် ကမ်းလွန်လုပ်ကွက်များအား လေလံဆွဲရာတွင် ပါဝင်ခဲ့သော ကုမ္ပဏီများအား အချက်အလက်များ ပံ့ပိုးပေးရန် ပန်ကြားသည့် စာများကို Global Witness ကနေ ဖေဖော်ဝါရီလ ၂၀၁၄ ခုနှစ်တွင် ပေးပို့ခဲ့သည်။ အဆိုပါ ပန်ကြားလွှာများကို စွမ်းအင်ဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ဆက်သွယ်ရမည့် အချက်အလက်များကို အသုံးပြုပြီး အီးမေးလ်၊ ဖက်စ် သို့မဟုတ် စာတိုက်မှတဆင့်ပေးပို့ခြင်း သို့မဟုတ် ကုမ္ပဏီရုံးချုပ်များသို့ ပေးပို့ခြင်းများ ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံရှိ ကုမ္ပဏီအချို့ထံ စာများ ရောက်ရှိရန်မှာ ခက်ခဲသောကြောင့် အဆိုပါစာများကို ကုမ္ပဏီ၏ ရန်ကုန်ရုံးများထိ သွားရောက်ကာ ၂၀၁၄ ခုနှစ် မတ်လနှင့် ဧပြီလတွင် ဖြန့်ဝေပေးခဲ့သည်။ Global Witness သည် EITI လုပ်ငန်းစဉ်တွင် ပါဝင်သည့် ကုမ္ပဏီများနှင့်လည်း တွေ့ဆုံခဲ့ပြီး အချက်အလက်ပေးပို့ရန် ပန်ကြားထားမှုများနှင့်ပတ်သတ်ပြီး ၎င်းတို့နှင့် တိုက်ရိုက် ဆွေးနွေးခဲ့သည်။ ဤရှင်းလင်းဖော်ပြချက်တွင် ၂၀၁၄ ခုနှစ် ဇွန်လ ၂၃ ရက်နေ့အထိ လက်ခံရရှိခဲ့သည့် ကုမ္ပဏီများ၏ တုန့်ပြန်ဖြေကြားချက်များ ပါဝင်ပါသည်။ Global Witness သည် ကုမ္ပဏီများမှ ထုတ်ဖော်ပြောကြားသည့် အချက်အလက်များ မှန်ကန်မှု ရှိမရှိကိုမူ စစ်ဆေးအတည်ပြုပြီးခြင်း မရှိပါ။

## ကုမ္ပဏီများ၏ ဖြေကြားချက် အကျဉ်းချုပ်

**အညွှန်း**

- (အစိမ်း) **အပြည့်အဝ ဖြေကြားချက်**
- (အဝါ) **တစ်စိတ်တစ်ပိုင်း ဖြေကြားချက်**
- (အနီ) **ပြန်လည် ဖြေကြားခြင်း မရှိ**

**မှတ်ချက် - ပြန်လည်တုန့်ပြန် ဖြေကြားခြင်း မရှိသော်လည်း ၎င်းတို့၏ မိခင်ကုမ္ပဏီများသည် အများပိုင် သို့မဟုတ် အစိုးရမှ ပိုင်ဆိုင်သည်ဟု နားလည်ထားသော ကုမ္ပဏီများကို အောက်ပါ ဇယားတွင် မှတ်ချက်ရေးသားထားပါသည်။**

| လုပ်ကွက် | လုပ်ကွက်ရရှိသော အပြည့်ပြည့်ဆိုင်ရာ ကုမ္ပဏီအချို့မှ ပြောကြားသည့် ပိုင်ရှင် အချက်အလက်များ | မြန်မာအကျိုးတူကုမ္ပဏီမှ ပြောကြားသည့် ပိုင်ရှင်အချက်အလက်များ |
|---|---|---|
| ၂၀၁၃ တွင် လုပ်ပိုင်ခွင့် ချပေးခဲ့သည့် ကုန်းတွင်းလုပ်ကွက်များ | | |
| PSC B-2 | ONGC Videsh Limited [အိန္ဒိယ] - *အပြည့်အဝ ပြန်လည် ဖြေကြားခဲ့သည်။ အိန္ဒိယနိုင်ငံရှိ ဘုံဘေ စတော့ အိတ်ချိန်းနှင့် အိန္ဒိယအမျိုးသား စတော့အိတ်ချိန်း တို့တွင် စာရင်းသွင်းထားသည့် Oil and Natural Gas Corportation Limited မှ အပြည့်အဝ ပိုင်ဆိုင် သည့် လက်အောက်ခံကုမ္ပဏီဖြစ်ပြီး အိန္ဒိယအစိုးရ ၏ သဘာဝရေနံနှင့် သဘာဝ ဓါတ်ငွေ့ဝန်ကြီး ဌာန၏* | Machinery & Solutions Co. Ltd - *ကုမ္ပဏီကို ပိုင်ဆိုင်ပြီး ချုပ်ကိုင်သည့် ပုဂ္ဂိုလ်နှစ်ဦး၏ အသေးစိတ်အချက်အလက်များနှင့်အတူ အပြည့်အဝ ပြန်လည်ဖြေကြားခဲ့သည်။* |

| | | |
|---|---|---|
| | စီမံခန့်ခွဲမှုအောက်တွင် တည်ရှိသည်။ | |
| PSC C-1 | Pacific Hunt Energy Corp [ကနေဒါ] - ဖြေကြားခြင်းမရှိ။ | Young Investment Group - ဖြေကြားခြင်းမရှိ။ |
| EP-1 | Brunei National Petroleum Company [ဘရူနိုင်း] - *အပြည့်အဝ ပြန်လည်ဖြေကြားခဲ့သည်။ PetroleumBURNEI အဖြစ် သိထားသော ကုမ္ပဏီအား ဘရူနိုင်း ဒါရုစလမ် အစိုးရ၏ ဘဏ္ဍာရေး ကော်ပိုရေးရှင်း ဝန်ကြီးဌာနက အပြည့် အဝ ပိုင်ဆိုင်သည်။ အဆိုပါ ကော်ပိုရေးရှင်းသည် ဘဏ္ဍာရေးဝန်ကြီးဌာန (အင်ကော်ပိုရေးရှင်း) အမိန့် ၂၀၁၁ အရ ပြဌာန်းထားသည့် တရားဝင် အဖွဲ့အစည်းဖြစ်သည်။* | IGE Pte. Ltd - *ဖြေကြားခြင်းမရှိ* |
| EP-3 | ONGC Videsh Limited [အိန္ဒိယ] - *အပြည့်အဝ ပြန်လည် ဖြေကြား ခဲ့သည်။ အိန္ဒိယနိုင်ငံရှိ ဘုံဘေ စတော့ အိတ်ချိန်းနှင့် အိန္ဒိယအမျိုးသား စတော့အိတ်ချိန်း တို့တွင် စာရင်းသွင်းထားသည့် Oil and Natural Gas Corportation Limited မှ အပြည့်အဝ ပိုင်ဆိုင် သည့် လက်အောက်ခံကုမ္ပဏီဖြစ်ပြီး အိန္ဒိယအစိုးရ ၏ သဘာဝ ရေနံနှင့် သဘာဝ ဓါတ်ငွေ့ဝန်ကြီး ဌာန၏ စီမံခန့်ခွဲမှုအောက်တွင် တည်ရှိသည်။* | Machinery & Solutions Co. Ltd - *ကုမ္ပဏီကို ပိုင်ဆိုင်ပြီး ချုပ်ကိုင်သည့် ပုဂ္ဂိုလ်နှစ်ဦး၏ အသေးစိတ်အချက်အလက်များနှင့်အတူ အပြည့်အဝ ပြန်လည်ဖြေကြားခဲ့သည်။* |
| EP-4 | JSOC Bashneft [Russia] - *ဖြေကြားခြင်းမရှိ။ [မှတ်ချက် -JSOC Bashneft သည် အများပိုင် ကုမ္ပဏီဖြစ်သည်။]* | UNOG Pte. Ltd - *ဖြေကြားခြင်းမရှိ။* |
| H | Pacific Hunt Energy Corp [ကနေဒါ] - *ဖြေကြားခြင်းမရှိ။* | Young Investment Group - *ဖြေကြားခြင်းမရှိ။* |
| IOR-4 | MPRL E&P Pte. Ltd [ဗြိတိသျှ အပိုင်စင် ကျွန်းများ] - *အနီးစပ်ဆုံးရှယ်ယာပိုင်ရှင်များနှင့် ဒါရိုက်တာများ၏ အသေးစိတ်အချက်အလက်များ နှင့်အတူ တစ်စိတ်တစ်ပိုင်းအားဖြင့် ပြန်လည် ဖြေကြားခဲ့သည်။ သို့သော် နောက်ဆုံး အကျိုး အမြတ်ခံစားသည့် ပိုင်ရှင်များ မဖော်ပြပါ။* | Myanmar Petroleum E&P Co., Ltd. (MPEP) - *ကုမ္ပဏီကို ပိုင်ဆိုင်ပြီး ချုပ်ကိုင်သူများ၏ အသေးစိတ်အချက်အလက်များနှင့်အတူ အပြည့်အဝ ပြန်လည်ဖြေကြားခဲ့သည်။* |
| IOR-5 | PETRONAS Carigali Myanmar Inc [မလေးရှား] - *အပြည့်အဝ ပြန်လည်ဖြေကြားခဲ့သည်။ ကုမ္ပဏီအား Petroleum Nasional Berhad (PETRONAS) က အပြည့်အဝပိုင်ဆိုင်သည့် လက်အောက်ခံကုမ္ပဏီ ဖြစ်ကြောင်း ဖော်ပြခဲ့သည်။ PETRONAS အုပ်စု၏ နှစ်စဉ် အစီရင်ခံစာအရ PETRONAS အား မလေးရှား အစိုးရမှ အပြည့်အဝ ပိုင်ဆိုင်သည်။* | UNOG Pte. Ltd - *ဖြေကြားခြင်းမရှိ။* |
| IOR-6 | MPRL E&P Pte. Ltd [ဗြိတိသျှ အပိုင်စင် ကျွန်းများ] - *အနီးစပ်ဆုံး ရှယ်ယာပိုင်ရှင်များနှင့် ဒါရိုက်တာများ၏ အသေးစိတ်အချက်အလက်များနှင့်အတူ တစ်စိတ်တစ်ပိုင်းအားဖြင့် ပြန်လည် ဖြေကြားခဲ့သည်။ သို့သော် နောက်ဆုံး အကျိုး* | Myanmar Petroleum E&P Co., Ltd. (MPEP) - *ကုမ္ပဏီကို ပိုင်ဆိုင်ပြီး ချုပ်ကိုင်သူများ၏ အသေးစိတ်အချက်အလက်များနှင့်အတူ အပြည့်အဝ ပြန်လည်ဖြေကြားခဲ့သည်။* |

| | | |
|---|---|---|
| | အမြတ်ခံစားသည့် ပိုင်ရှင်များမဟုတ်ပါ။ | |
| IOR-7 | PETRONAS Carigali Myanmar Inc [မလေးရှား] - *အပြည့်အဝ ပြန်လည်ဖြေကြားခဲ့သည်။ ဤကုမ္ပဏီအား Petroleum Nasional Berhad (PETRONAS) က အပြည့်အဝပိုင်ဆိုင်သည့် လက်အောက်ခံကုမ္ပဏီ တစ်ခုဖြစ်ကြောင်း ဖော်ပြခဲ့သည်။ PETRONAS အုပ်စု၏ နှစ်စဉ် အစီရင်ခံစာအရ PETRONAS အား မလေးရှား အစိုးရမှ အပြည့်အဝ ပိုင်ဆိုင်သည်။* | UNOG Pte. Ltd - *ဖြေကြားခြင်းမရှိ။* |
| PSC-J | Petroleum Exploration (PVT) Ltd [ပါကစ္စတန်] - *ဖြေကြားခြင်းမရှိ။* | Parami Energy Development Co. Ltd - *ဖြေကြားခြင်းမရှိ။* |
| PSC-K | Eni [အီတလီ]: *ဖြေကြားခြင်းမရှိ။*<br>*[မှတ်ချက် - Eni သည် အများပိုင်ကုမ္ပဏီ ဖြစ်သည်။]* | Myanmar Petroleum E&P Co., Ltd. (MPEP) - *ကုမ္ပဏီအား ပိုင်ဆိုင်ပြီး ချုပ်ကိုင်သူများ၏ အသေးစိတ်အချက်အလက်များနှင့်အတူ အပြည့်အဝ ပြန်လည်ဖြေကြားခဲ့သည်။* |
| MOGE-4 | CAOG s.a.r.l. [လူဇင်ဘတ်] - *ဖြေကြားခြင်းမရှိ။* | Apex Geo Services Co. Ltd - *ဖြေကြားခြင်းမရှိ။* |
| MOGE-3 | PTTEP South Asia Ltd [ထိုင်း] - *ဖြေကြားခြင်းမရှိ။*<br>*[မှတ်ချက် -PTTEP သည် အများပိုင်ကုမ္ပဏီ ဖြစ်သည်။]*<br>Palang Sophon Offshore [ထိုင်း] - *ဖြေကြားခြင်းမရှိ။* | Win Precious Resources Pte. Ltd - *ငွေသည် EITI ကော်မတီတွင် ပါဝင် နေသည်ဟု ကုမ္ပဏီမှ ဖြေကြားခဲ့သည်။ သို့သော် ၎င်း၏ ပိုင်ဆိုင်မှုနှင့် ပတ်သတ် ပြီး မည်သည့်အချက်အလက်ကိုမျှ ပေးခြင်းမရှိပါ။* |
| PSC-O | Petroleum Exploration (PVT) Ltd [ပါကစ္စတန်] - *ဖြေကြားခြင်းမရှိ။* | Precious Stone Mining Co. Ltd - *ဖြေကြားခြင်းမရှိ။* |
| RSF-5 | Eni [အီတလီ] - *ဖြေကြားခြင်းမရှိ။*<br>*[မှတ်ချက် - Eni သည် အများပိုင်ကုမ္ပဏီ ဖြစ်သည်။]* | Myanmar Petroleum E&P Co., Ltd. (MPEP) - *ကုမ္ပဏီကို ပိုင်ဆိုင်ပြီး ချုပ်ကိုင်သူများ၏ အသေးစိတ်အချက်အလက်များနှင့်အတူ အပြည့်အဝ ပြန်လည်ဖြေကြားခဲ့သည်။* |
| မတ်လ ၂၀၁၄ ခုနှစ်တွင် လုပ်ပိုင်ခွင့် ချပေးခဲ့သည် ကမ်းလွန် ရေတိမ်ပိုင်းလုပ်ကွက်များ | | |
| A-4 | BG Asia Pacific Pte Ltd [ဗြိတိန်] - *အပြည့်အဝ ပြန်လည်ဖြေကြားခဲ့သည်။ အများပိုင် ကုမ္ပဏီက အပြည့်အဝ ပိုင်ဆိုင်သည်။*<br>Woodside Energy (Myanmar) Pte Ltd [သြစတြေးလျ] - *ဖြေကြားခြင်းမရှိ။*<br>*[မှတ်ချက် -Woodside သည် အများပိုင်ကုမ္ပဏီဖြစ်သည်။]* | Myanmar Petroleum E&P Co., Ltd. (MPEP) - *ကုမ္ပဏီကို ပိုင်ဆိုင်ပြီး ချုပ်ကိုင်သူများ၏ အသေးစိတ်အချက်အလက်များနှင့်အတူ အပြည့်အဝ ပြန်လည်ဖြေကြားခဲ့သည်။* |
| A-5 | Chevron (Unocal Myanmar Offshore Co. Ltd) [အမေရိကန်နိုင်ငံ] - *ဖြေကြားခြင်းမရှိ။*<br>*[မှတ်ချက် - Chevron သည် အများပိုင် ကုမ္ပဏီဖြစ်သည်။]* | Royal Marine Engineering Co., Ltd - *ဖြေကြားခြင်းမရှိ။* |

| | | |
|---|---|---|
| A-7 | Woodside Energy (Myanmar) Pte Ltd [သြစတြေးလျ] - *ဖြေကြားခြင်းမရှိ။* *[မှတ်ချက် - Woodside သည် အများပိုင်ကုမ္ပဏီဖြစ်သည်။]*<br>BG Asia Pacific Pte Ltd [ဗြိတိန်] - *အပြည့်အဝ ပြန်လည်ဖြေကြားခဲ့သည်။ အများပိုင်ကုမ္ပဏီက အပြည့်အဝ ပိုင်ဆိုင်သည်။* | Myanmar Petroleum E&P Co., Ltd. (MPEP) - *ကုမ္ပဏီကို ပိုင်ဆိုင်ပြီး ချုပ်ကိုင်သူများ၏ အသေးစိတ်အချက်အလက်များနှင့်အတူ အပြည့်အဝ ပြန်လည်ဖြေကြားခဲ့သည်။* |
| M-4 | Oil India Limited [အိန္ဒိယ] - *ဖြေကြားခြင်းမရှိ။* *[မှတ်ချက် - Oil India သည် နိုင်ငံပိုင် ကုမ္ပဏီဖြစ်သည်။]*<br>Mercator Petroleum Limited [အိန္ဒိယ] - *ဖြေကြားခြင်းမရှိ။* *[မှတ်ချက် - Mercator သည် အများပိုင် ကုမ္ပဏီဖြစ်သည်။]*<br>Oilmax Energy Pvt Ltd [အိန္ဒိယ] - *ဖြေကြားခြင်းမရှိ။* | Oil Star Management Services Co., Ltd - *ဖြေကြားခြင်းမရှိ။* |
| M-7 | ROC Oil Company Limited [သြစတြေးလျ] - *အများပိုင် ကုမ္ပဏီဖြစ်ကြောင်း အပြည့်အဝ ပြန်လည်ဖြေကြားခဲ့သည်။*<br>Tap Oil Ltd [သြစတြေးလျ] - *ဖြေကြားခြင်းမရှိ။* *[မှတ်ချက် - Tap Oil သည် အများပိုင် ကုမ္ပဏီဖြစ်သည်။]* | Smart E&P International Co., Ltd - *ဖြေကြားခြင်းမရှိ။* |
| M-8 | Berlanga Holding BV [နယ်သာလန်] - *ဖြေကြားခြင်းမရှိ။* | A-1 Mining Co., Ltd - *ဖြေကြားခြင်းမရှိ။* |
| M-15 | Transcontinental Group (TRG) [သြစတြေးလျ] - *၎င်းကုမ္ပဏီသည် သြစတြေးလျ နိုင်ငံ၏ ပုဂ္ဂလိကပိုင် ကုမ္ပဏီအဖြစ်လည်ပတ်နေပြီး သြစတြေးလျ နိုင်ငံသားများဖြစ်သည့် Simon Trevisan အုပ်ချုပ်မှုဒါရိုက်တာ မိသားစုမှ ပိုင်ဆိုင်ကြောင်း ဖော်ပြပြီး တစ်စိတ်တစ်ပိုင်းအားဖြင့် ပြန်လည်ဖြေကြားခဲ့သည်။ ဖြေကြားချက်တွင် မည်သည့် ပိုင်ရှင်မျှ နိုင်ငံရေးဆောင်ရွက်သူများနှင့် နီးနှောခြင်း မရှိဟု ဖော်ပြသည်။*<br><br>Canadian Foresight Group Ltd. [ကနေဒါ] - *မည်သည့် ပိုင်ရှင်မျှ နိုင်ငံရေးဆောင်ရွက်သူများနှင့် နီးနှောခြင်း မရှိဟုဖော်ပြလျက် တစ်စိတ်တစ်ပိုင်းအားဖြင့် ပြန်လည်ဖြေကြားခဲ့သည်။ ကုမ္ပဏီမှလည်း ရှယ်ယာရှင်များအနေဖြင့် အကျိုးအမြတ်ခံစားသည့် ပိုင်ရှင်များ မည်သူမည်ဝါဖြစ်သည်ဟူသော အချက်အလက်များကို Global Witness ထံ တိုက်ရိုက် ဆက်သွယ် ပြောပြရန် တောင်းဆို* | Century Bright Gold Co., Ltd, KMA အုပ်စု၏ လက်အောက်ခံကုမ္ပဏီ[8] - *ဖြေကြားခြင်းမရှိ။* |

[8] မြန်မာ စွမ်းအင်ဝန်ကြီးဌာန ကြေငြာချက်အရ Lin Win Co., Ltd အား လုပ်ကွက် M-15 အတွက် မြန်မာ အကျိုးတူလုပ်ကိုင်သူအဖြစ် ရည်ညွှန်းသည်။ သို့သော် Canadian Foresight Group Ltd. က ဒေသခံ အကျိုးတူလုပ်ကိုင်သူမှာ KMA အုပ်စု၏ လက်အောက်ခံဖြစ်သော Century Bright Gold Co., Ltd ဖြစ်သည်ဟု Global Witness ကို ပြောကြားခဲ့သည်။

| | | |
|---|---|---|
| | ဆက်သွယ်ထားပြီး ဖြစ်သည်။ ၂၀၁၄ ခုနှစ် ဇွန်လ ၂၃ ရက်အထိ အကျိုးအမြတ်ပိုင်ရှင်နှစ်ဦးသည် ဆန်းစစ်သုံးသပ်ချက်အတွက် အချက်အလက် ပေးပြီးဖြစ်သည်။ | |
| M-17 | Reliance Industries Ltd [အိန္ဒိယ] - *ဖြေကြားခြင်းမရှိ။* *[မှတ်ချက် - Reliance Industries သည် အများပိုင် ကုမ္ပဏီဖြစ်သည်။]* | United National Resources Development Services Co., Ltd: *ဖြေကြားခြင်းမရှိ။* |
| M-18 | Reliance Industries Ltd [အိန္ဒိယ] - *ဖြေကြားခြင်းမရှိ။* *[မှတ်ချက် - Reliance Industries သည် အများပိုင် ကုမ္ပဏီဖြစ်သည်။]* | United National Resources Development Services Co., Ltd: *ဖြေကြားခြင်းမရှိ။* |
| YEB | Oil India Limited [အိန္ဒိယ] - *ဖြေကြားခြင်းမရှိ။* *[မှတ်ချက် - Oil India သည် နိုင်ငံပိုင် ကုမ္ပဏီဖြစ်သည်။]*<br>Mercator Petroleum Limited [အိန္ဒိယ] - *ဖြေကြားခြင်းမရှိ။* *[မှတ်ချက် - Mercator သည် အများပိုင် ကုမ္ပဏီဖြစ်သည်။]*<br>Oilmax Energy Pvt Ltd [အိန္ဒိယ] - *ဖြေကြားခြင်းမရှိ။* | Oil Star Management Services Co., Ltd - *ဖြေကြားခြင်းမရှိ။* |
| **မတ်လ ၂၀၁၄ ခုနှစ်တွင် လုပ်ပိုင်ခွင့် ချပေးခဲ့သော ကမ်းလွန်လုပ်ကွက်များ** | | |
| AD-2 | BG Exploration and Production Myanmar Limited [ဗြိတိန်] - *အပြည့်အဝ ပြန်လည် ဖြေကြားခဲ့သည်။ အများပိုင် ကုမ္ပဏီက အပြည့်အဝ ပိုင်ဆိုင်သည်။*<br>Woodside Energy (Myanmar) Pte Ltd [သြစတြေးလျ] - *ဖြေကြားခြင်းမရှိ။* *[မှတ်ချက် - Woodside သည် အများပိုင် ကုမ္ပဏီဖြစ်သည်။]* | Myanmar Petroleum E&P Co., Ltd. (MPEP) - *ကုမ္ပဏီကို ပိုင်ဆိုင်ပြီး ချုပ်ကိုင်သူများ၏ အသေးစိတ်အချက်အလက်များနှင့်အတူ အပြည့်အဝ ပြန်လည်ဖြေကြားခဲ့သည်။* |
| AD-3 | Ophir Energy Plc [ဗြိတိန်] - *ဖြေကြားခြင်းမရှိ။* *[မှတ်ချက် - Ophir သည် အများပိုင် ကုမ္ပဏီဖြစ်သည်။]* | Parami Energy Development Co., Ltd - *ဖြေကြားခြင်းမရှိ။* |
| AD-5 | Woodside Energy (Myanmar) Pte Ltd [သြစတြေးလျ] - *ဖြေကြားခြင်းမရှိ။* *[မှတ်ချက် - Woodside သည် အများပိုင် ကုမ္ပဏီဖြစ်သည်။]*<br>BG Asia Pacific Pte Ltd [ဗြိတိန်] - *အပြည့်အဝ ပြန်လည် ဖြေကြားခဲ့သည်။ အများပိုင် ကုမ္ပဏီက အပြည့်အဝ ပိုင်ဆိုင်သည်။* | Myanmar Petroleum E&P Co., Ltd. (MPEP) - *ကုမ္ပဏီကို ပိုင်ဆိုင်ပြီး ချုပ်ကိုင်သူများ၏ အသေးစိတ်အချက်အလက်များနှင့်အတူ အပြည့်အဝ ပြန်လည်ဖြေကြားခဲ့သည်။* |
| AD-9 | *Shell Myanmar Energy (Pte) Ltd [အင်္ဂလို-ဒတ်ချ်]: ဖြေကြားခြင်းမရှိ။* | ဒေသခံ အကျိုးတူလုပ်ကိုင်သူ မရှိ။ |

| | | |
|---|---|---|
| | *[မှတ်ချက် - Shell သည် အများပိုင် ကုမ္ပဏီဖြစ်သည်။]*<br>*Mitsui Oil Exploration Co Ltd (MOECO) [ဂျပန်] - အပြည့်အဝ ပြန်လည်ဖြေကြားခဲ့သည်။ MOECO ၏ ၇၉.၉၇%ကို ပိုင်ဆိုင်သည့် ကုမ္ပဏီပေါင်း ၉ ခုမှာ တစ်ခုချင်းစီမှာ အများပိုင် သို့မဟုတ် အများပိုင်ကုမ္ပဏီတစ်ခုမှ နောက်ဆုံးတွင် ပိုင်ဆိုင်သည်။ ကျန်ရှိသည့် ၂၀.၀၃% ကို စီးပွား ရေး၊ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီးဌာန၊ ဂျပန်နိုင်ငံမှ ပိုင်ဆိုင်သည်။* | |
| AD-10 | Statoil [နော်ဝေး] - *ဖြေကြားခြင်းမရှိ။*<br>*[မှတ်ချက် - Statoil သည် အများပိုင် ကုမ္ပဏီဖြစ်သည်။]*<br>ConocoPhillips Myanmar E&P Pte. Ltd - *အပြည့်အဝ ပြန်လည်ဖြေကြားခဲ့သည်။ အများပိုင် ကုမ္ပဏီက အပြည့်အဝ ပိုင်ဆိုင်သည်။* | ဒေသခံ အကျိုးတူလုပ်ကိုင်သူ မရှိ။ |
| AD-11 | Shell Myanmar Energy (Pte) Ltd [အန်ဂလို-ဒတ်ချ်]: *ဖြေကြားခြင်းမရှိ။*<br>*[မှတ်ချက် - Shell သည် အများပိုင် ကုမ္ပဏီဖြစ်သည်။]*<br>Mitsui Oil Exploration Co Ltd (MOECO) [ဂျပန်] - *အပြည့်အဝ ပြန်လည်ဖြေကြားခဲ့သည်။ MOECO ၏ ၇၉.၉၇%ကို ပိုင်ဆိုင်သည့် ကုမ္ပဏီပေါင်း ကိုးခုတွင် တစ်ခုချင်းစီမှာ အများပိုင် သို့မဟုတ် အများပိုင်ကုမ္ပဏီတစ်ခုမှ နောက်ဆုံးတွင် ပိုင်ဆိုင်သည်။ ကျန်ရှိသည့် ၂၀.၀၃% ကို စီးပွား ရေး၊ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီးဌာန၊ ဂျပန်နိုင်ငံမှ ပိုင်ဆိုင်သည်။* | ဒေသခံ အကျိုးတူလုပ်ကိုင်သူ မရှိ။ |
| MD-2 | Eni Myanmar BV [အီတလီ] - *ဖြေကြားခြင်းမရှိ။*<br>*[မှတ်ချက် - Eni သည် အများပိုင် ကုမ္ပဏီဖြစ်သည်။]*<br>Petrovietnam Exploration Production Corporation Ltd [ဗီယက်နမ်] - *ဖြေကြားခြင်းမရှိ။*<br>*[မှတ်ချက် - Petrovietnam သည် နိုင်ငံပိုင် ကုမ္ပဏီဖြစ်သည်။]* | ဒေသခံ အကျိုးတူလုပ်ကိုင်သူ မရှိ။ |
| MD-4 | Eni Myanmar BV [အီတလီ] - *ဖြေကြားခြင်းမရှိ။*<br>*[မှတ်ချက် - Eni သည် အများပိုင် ကုမ္ပဏီဖြစ်သည်။]*<br>Petrovietnam Exploration Production Corporation Ltd [ဗီယက်နမ်] - *ဖြေကြားခြင်းမရှိ။*<br>*[မှတ်ချက် - Petrovietnam သည် နိုင်ငံပိုင် ကုမ္ပဏီဖြစ်သည်။]* | ဒေသခံ အကျိုးတူလုပ်ကိုင်သူ မရှိ။ |
| MD-5 | Shell Myanmar Energy (Pte) Ltd [အန်ဂလို-ဒတ်ချ်] - *ဖြေကြားခြင်းမရှိ။* | ဒေသခံ အကျိုးတူလုပ်ကိုင်သူ မရှိ။ |

| | | |
|---|---|---|
| | *[မှတ်ချက် - Shell သည် အများပိုင်ကုမ္ပဏီဖြစ်သည်။]*<br>Mitsui Oil Exploration Co Ltd (MOECO) [ဂျပန်] - *အပြည့်အဝ ပြန်လည်ဖြေကြားခဲ့သည်။ MOECO ၏ ၇၉.၉၇%ကို ပိုင်ဆိုင်သည့် ကုမ္ပဏီပေါင်း ၉ ခုမှာ တစ်ခုချင်းစီမှာ အများပိုင် သို့မဟုတ် အများပိုင်ကုမ္ပဏီတစ်ခုမှ နောက်ဆုံးတွင် ပိုင်ဆိုင်သည်။ ကျန်ရှိသည့် ၂၀.၀၃% ကို စီးပွား ရေး၊ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီးဌာန၊ ဂျပန်နိုင်ငံမှ ပိုင်ဆိုင်သည်။* | |
| YWB | Total E&P Activités Pétrolières [ပြင်သစ်] - *အပြည့်အဝ ပြန်လည်ဖြေကြားခဲ့သည်။ အများပိုင် Total SA မှ အပြည့်အဝ ပိုင်ဆိုင်သည်ဟု ဖော်ပြခဲ့သည်။* | ဒေသခံ အကျိုးတူလုပ်ကိုင်သူ မရှိ။ |

*Global Witness သည် သဘာဝအရင်းအမြစ်များနှင့် ဆက်စပ်နေသည့် ပဋိပက္ခဖြစ်ပွားမှုများနှင့် အကျင့်ပျက်ခြစားမှုများ၊ နှင့် ဆက်နွယ်နေသည့် သဘာဝပတ်ဝန်းကျင်နှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ မဖြစ်ပွားအောင် ကာကွယ်ရန် သုတေသနပြုလုပ်ခြင်းနှင့် ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။*

*Global Witness ၏ မြန်မာနိုင်ငံအစီအစဉ်နှင့် အမည်မသိကုမ္ပဏီများ၏ ပြဿနာများနှင့်ပတ်သက်သော နောက်ထပ် အချက်အလက်များတွက် www.globalwitness.org တွင် ကျေးဇူးပြု၍ သွားရောက် ဖတ်ရှုပါ။ မြန်မာနိုင်ငံနှင့် ပတ်သက်ပြီး မေးမြန်းစုံစမ်းလိုလျှင် Juman Kubba ၏ jkubba@globalwitness.org သို့မဟုတ် Mike Davis ၏ mdavis@globalwitness.org အီးမေးလ်များသို့ ကျေးဇူးပြု၍ ဆက်သွယ်ပါ။*